# ဦးထုပ်သည်လေး မောင်ပု



ပြန်လည်ပြင်ဆင်ခြင်း ၂၀၁၃။

စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။



တစ်ခါတုံးက တောရွာလေးတစ်ရွာမှာ ဦးထုပ်လိုက်ရောင်းတဲ့ မောင်ပုဆိုတဲ့ ကောင်လေးတစ်ယောက် ရှိသတဲ့။



မောင်ပုဟာ ဦးထုပ်အစိမ်းရောင်လေးဆောင်းပြီး "ဦးထုပ်တွေရမယ်နော်. . . အစိမ်းရောင်၊ အပြာရောင်၊ အနီရောင်၊ အဝါရောင် ဦးထုပ်တွေရမယ်နော်"လို့ အော်ရင်း ဦးထုပ်လိုက်ရောင်းနေတယ်။



တစ်နေ့ သူဟာသူ့သူငယ်ချင်းကို “ဟေ့ သူငယ်ချင်း ဟိုဘက်ရွာသွားမယ်၊ လိုက်မလား၊ ပွဲရှိတယ်. . ဦးထုပ်သွားရောင်းမယ်လေ”လို့ ပြောတယ်။ သူ့သူငယ်ချင်းက “မလိုက်ချင်ပါဘူးကွာ အိမ်မှာအလုပ်ရှိသေးတယ်”လို့ ပြောတော့ “ဒါဆိုသွားမယ်နော်တာ့တာ”လို့ နှုတ်ဆက်ပြီး “ဦးထုပ်တွေရမယ်နော်”လို့ အော်ရင်း တစ်ယောက်တည်း ထွက်သွားတယ်။



ရွာကထွက်လာလို့ လမ်းတစ်ဝက်အရောက်မှာ “ဟာ. . လမ်းတစ်ဝက်ရောက်ပြီ။ ဒီသစ်ပင်ကြီးအောက်မှာ ခဏနားရမယ်”လို့ တွေးပြီး ဦးထုပ်အထုပ်ကို ချလိုက်တယ်။ ခဏကြာတော့ မောင်ပုဟာ မောမောနဲ့ အိပ်ပျော်သွားသတဲ့။



မောင်ပု အိပ်ပျော်သွားတဲ့အချိန်မှာ သစ်ပင်ကြီးပေါ်က မျောက်တွေအများကြီး ဆင်းလာတယ်။ မျောက်တွေဟာ တကွဲကွဲအော်ရင်း အဝါ၊ အစိမ်း၊ အနီ၊ အပြာ အစရှိတဲ့ ဦးထုပ်တွေကို တစ်ကောင် ဦးထုပ်တစ်လုံးစီ ယူဆောင်းကြတယ်။ ပြီးတော့ သစ်ပင်ကြီးပေါ် ဟိုတစ်ကိုင်း ဒီတစ်ကိုင်းကူးပြီး ပျော်နေကြသတဲ့။



မောင်ပုဟာ မျောက်တွေရဲ့အသံကိုကြားတော့ နိုးလာပြီး “ဟာ ကုန်ပါပြီ ဟော့၊ ငါ့ဦးထုပ်တွေပြန်ပေး”ဆိုပြီး မျောက်တွေနောက်လိုက်တော့ မျောက်တွေက သူတို့ကို စ,တယ်ထင်လို့ တကွိကွိနဲ့ ပိုပျော်နေသတဲ့။



မောင်ပုလည်း မောမောနဲ့ "ဟာ မျောက်တွေကို လိုက်ရတာ မောလှပြီ မလိုက်နိုင်တော့ဘူးကွာ"လို့ ညည်းပြီး "ချွေးတွေလည်းထွက် အိုက်လည်းအိုက်နဲ့ ဦးထုပ်ချွတ်လိုက်ဦးမယ်"လို့ စဉ်းစားလိုက်ပြီး သူဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်လိုက်သတဲ့။



အဲဒီလို မောင်ပုဟာ ဦးထုပ်ကို ချွတ်ပစ်လိုက်တာနဲ့ မျောက်တွေဟာ သူတို့ ဆောင်းထားတဲ့ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်၊ အပြာရောင် ဦးထုပ်တွေကို မြေပေါ်ပစ်ချလိုက်သတဲ့။ ဒါနဲ့ မောင်ပုလည်း ဦးထုပ်တွေကို ကမန်းကတန်း လိုက်ကောက်ပြီး ဦးထုပ်ထည့်တဲ့ အထုပ်ထဲထည့်ပြီး ချည်လိုက်တယ်။



အဲဒီနောက် မောင်ပုလည်း ဦးထုပ်အထုပ်ကို ထမ်းပြီး “မျောက်ကလေးတွေရေ - ကျေးဇူးဘဲ သွားတော့မယ်နော်၊ တာ့တာ”ဆိုပြီး ပျော်ရွှင်ဝမ်းမြောက်စွာ ထွက်သွားပါတော့တယ်။